## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၅၀)
## တိုင်းရင်းသား အခွင့်အရေး နှင့် နအဖ ၏ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ (၃)

တိုင်းရင်းသား ရေးရာကိစ္စတွေဟာ နက်နဲရှုတ်ထွေးမှု ရှိလှပါတယ်။ နှစ်ပေါင်း ရာထောင် ချီတဲ့ ရှေးဟောင်း သမိုင်းနောက်ခံတွေ၊ ဗြိတိသျှ ကိုလိုနီခေတ်တုံးကသပ်လျှိုဖြိုခွဲခံခဲ့ရတာတွေ၊ မဟာလူမျိုးကြီးဝါဒကို ပုံစံအမျိုးမျိုး နဲ့ကျင့်သုံးခဲ့ကြတဲ့လူမျိုးကြီးတွေ၊ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကို အသေအလဲ ဖက်တွယ်ထားတဲ့ လူမျိုးငယ်တွေ၊ မတူတဲ့ နိုင်ငံရေး အတွေးအခေါ်တွေရဲ့ရိုက်ခတ်မှုတွေ၊ သမိုင်း မှာ ပေါ်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေရဲ့အားနည်းချက်တွေ၊ စတဲ့ အကြောင်းအရာပေါင်းမြောက်များစွာဟာ ဒီလို ရှုတ်ထွေးမှုတွေကို ဖြစ်ပေါ်စေတာပါဘဲ။

အာဏာရှင် စစ်ခေါင်းဆောင်တွေက တိုင်းရင်းသားရေးရာ ကိစ္စတွေကို သူတို့အာဏာတည်မြဲရေး အတွက် ဆယ်စုနှစ်တချို့ချီပြီးစနစ်တကျ အသုံးချလိုက်တဲ့အခါမှာတော့ ရှင်းလို့မလွယ်တော့တဲ့အနေအထားကို ရောက်နေရပါတော့တယ်။ အသုံးချပုံချနည်း ကတော့ ရိုးရိုးကလေးပါ။ သူတို့အာဏာတည်မြဲရေးကို ထောက်ပံ့ပေးမယ့် တိုင်းရင်းသား ပုဂ္ဂိုလ်တွေကို တဖက်က လက်သပ်မွေးမြူပြီး လက်ဝေခံအဖြစ် ခွဲဝေစားသောက်ခွင့်တွေ ပေးထား လိုက်တယ်။ အခြားတဘက်ကတော့ သူတို့ကို ခြိမ်းခြောက်တဲ့တိုင်းရင်းသားခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေနဲ့ သူတို့ရဲ့ အခြေခံဒေသ တွေကိုတော့ အကြမ်းဘက် တိုက်ခိုက်ဖိနှိပ်တော့တာပါဘဲ။ ပြယုဂ်အနေနဲ့မြန်မာနိုင်ငံအရှေ့ပိုင်းက တိုင်းရင်းသား ဒေသတွေမှာ ကျေးရွာတွေကို အတင်းအဓမ္မရွှေ့ပြောင်းတာ၊ မုဒိမ်းကျင့်တာ၊ သတ်ဖြတ်မှုကြီး တွေ ကျူးလွန်တာ၊ ကြီးကြီးမားမားနှိပ်စက်ညှင်းပမ်းတာ၊ လူထုတွေကို အတင်းအကြပ်ပျောက်ဆုံးစေတာ၊ စတာတွေ ဖြစ်တယ်။ ဒီပြစ်မှုကြီးတွေကိုစနစ်တကျနဲ့ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်နေတာကြောင့် လူသားဖြစ်မှုကိုဆန့်ကျင် တဲ့ နိုင်ငံတကာပြစ်မှုကြီးဘောင်ထဲမှာ အကြုံးဝင်နိုင်ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးက ၂၀၀၈ ခုနှစ် ဇွန်လအတွင်းမှာ အစီရင်ခံစါတစောင် ထုတ်ပြန် ခဲ့တယ်။

အကျိုးဆက်အဖြစ်နဲ့ အမျိုးသားစည်းလုံးညီညွတ်မှု ဟာ အခု အချိန်မှာ ရစရာ မရှိလောက်အောင်ကို ပြိုကွဲနေပါပြီ။ တိုင်းရင်းသားလူမျိုးစုတခုနဲ့ အခြားတခုအကြားမှာ၊ ယုံကြည်မှုတွေ ပျက်ယွင်းနေယုံသာမကတိုင်းရင်းသား လူမျိုးစု တခုချင်းစီ အတွင်းက အချင်းချင်းအကြားမှာကို အပြန်အလှန်သတ်ကြ ဖြတ်ကြတဲ့ အနေအထား ရောက်နေပါပြီ။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာကတော့ နိုင်ငံရေးခေါင်းဆောင်အဆင့်မှာနေရာယူထားတဲ့ ပုဂ္ဂိုလ်တွေ အမြောက်အများဟာ လူမျိုးရေးနဲ့ဆက်စပ်ပြီး ပေါ်ပေါက်လာတဲ့ ပြသနာတွေကို ယခုအချိန်အထိ စနစ်တကျ အသေ အချာ မလေ့လာဖြစ်ကြသေးတဲ့ အချက်ပါ။ စစ်အာဏာရှင်စနစ်ကို တိုက်ရေးက အဓိက ကျတာကြောင့် ဒါကို အရင်ရှင်းပြီးမှ တိုင်းရင်းသားရေးရာတွေကို ကိုင်တွယ်ဖြေရှင်း သင့်တယ်လို့အကြောင်းပြပြီး နောက်ကို ရွှေ့ ထားခြင်သူတွေလဲ မနည်း လှဘူး။ ဒီတိုင်းရင်းသားပြသနာတွေဟာ ဒီမိုကရေစီရရင်ပြေလည်သွားမှာပါလို့ ခပ်လွယ် လွယ်ပြောကြသူတွေရဲ့အရည်အတွက် ကတော့ မြောက်များလှစွာ ရှိပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ အတိုင်းအတာနဲ့အညီ ဒီမိုကရေစီ ရခဲ့တယ် ။ ဒါပေမယ့် တိုင်းရင်းသား ရေးရာတွေဟာ အဲသည်ကထဲက ပေါ်ခဲ့တာပါ။ နိုင်ငံခြားသားတွေထဲမှာ မြန်မာ့အရေးကို အကျွမ်းကျင်ဆုံးပုဂ္ဂိုလ်ရယ်လို့နံမည်ကြီးပြီး လူအများလေးစားခံရတဲ့ ပါမောက္ခ ဂျိုးဇက်ဆေးလ်ဗားစတိုင်း ဆိုတဲ့ သမိုင်း ပညာရှင်ကြီး အသက်ထင်ရှားရှိပါသေးတယ်။ ၁၉၅၈ ခုနှစ်လောက် ကစလို့ မြန်မာနိုင်ငံထဲမှာ သူကိုယ်တိုင် နေထိုင်ခဲ့ပြီး လေ့လာတင်ပြချက်တွေ အနက်က တရပ်ကို ပြန်လည် မျှဝေပါရစေ။ အဲဒါကတော့ မြေယာနဲ့ ပတ်သက်တဲ့ ပြသနာဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အသက်ဝင်ကျင့်သုံးနေပြီး ဒီမိုကရေစီ ရနေတဲ့ ခေတ်ရယ်လို့လူအများ လက်ခံထားတဲ့ ၁၉၅၂ ခုနှစ်မှာ တရားလွှတ်တော်ချုပ်ကို မှုခင်းကြီး တခုရောက်လာခဲ့တယ်။ ပြည်ထောင်စု နဲ့ပြည်ထောင်စု

အဖွဲ့ဝင်ပြည် နယ်တွေ အကြားမှာ ဥပဒေပြုခွင့်အာဏာ ခွဲဝေကျင့်သုံးရေး နဲ့ စပ်လျဉ်းလို့ အငြင်းပွားခဲ့တဲ့ မှုခင်းကြီး ပါဘဲ။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတတိယ ဇယားမှာ ဖေါ်ပြထားချက်အရ မြေယာနဲ့ ပတ်သက်တဲ့ စီမံခန့်ခွဲခွင့်အာဏာကိုပြည်ထောင်စုဥပဒေပြု စါရင်းမှာရော၊ ပြည်နယ် ဥပဒေပြုစါရင်းမှာပါ ပါရှိခဲ့တယ်။ ဆိုလိုတာကတော့ မြေယာနဲ့ ပတ်သက်လို့ ပြည်ထောင်စုမှာ ဥပဒေပြုခွင့် ရှိသလို ပြည်နယ်ကိုလည်း ဥပဒေပြုခွင့်ပေးထားခဲ့တယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ကို ပေးထားတဲ့ပြဌာန်းချက်မှာ အောက်ပါအတိုင်း လေ့လာနိုင်ပါတယ်။

> မြေယာ၊ မြေခွန်တော်၊ မြေယာတိုးတက်ကောင်းမွန်ရေး နှင့် လယ်ယာအမတော်ကြေးများ၊ စုပေါင်း၍ နေရာသစ်တည်ခြင်း၊ ကြွေးမြီအပေါင်အနှံမကင်းသော မြေယာပစ္စည်း အဆောက်အအုံများ နှင့် ဝရမ်းအကပ်ခံရသော မြေယာပစ္စည်းအဆောက်အအုံများ၊ ရတနာသိုက်များ။

အဲဒီ တုံးက ပြည်နယ်တွေဘက်က လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေကြီးဖြစ်တဲ့ မစ္စတာ ဘစူးက တရားလွှတ်တော်ချုပ်မှာ သည်လိုတင်ပြခဲ့ပါတယ်။ ပြည်ထောင်စု ဖွဲ့တဲ့အခါမှာ ပါဝင်တဲ့ပြည်နယ်တွေဟာ သူတို့ရဲ့ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုနဲ့ ပတ်သက်တဲ့အခွင့်အရေး **(Proprietary Rights)** တွေကို ပြည်ထောင်စုကို အပြီးအပိုင်ပေးလိုက်တာ မဟုတ်ဘူး။ မြေယာနဲ့ ပတ်သက်တဲ့ စီမံခန့်ခွဲခွင့်ကို ပြည်နယ်တွေက အဓိကရယူကျင့်သုံးခွင့် ရှိသင့်တယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ထဲမှာ ပြည်နယ်တွေကို ခွဲထွက်ခွင့် ပေးထားတယ်။ ဒါပေမယ့် မြေယာစီမံခန့်ခွဲခွင့်ကိုတော့ ပြည်နယ်တွေကို ကျင့်သုံးခွင့် မပြုဘူး ဆိုရင် ခွဲထွက်ခွင့်တော့ ကျင့်သုံး၊ မြေယာတော့ မပါစေနဲ့ ဆိုတာမျိုးဖြစ်သွားမယ်။ ဒီလိုဆိုရင် ဖွဲ့စည်းပုံ ပြဌာန်းချက်ဟာ ဘာအဓိပ္ပါယ် ရှိမှာလဲ ဆိုပြီးတော့ လျှောက်လဲ တင်ပြသွားခဲ့တယ်။

ပြည်ထောင်စု ဘက်က လိုက်ပါဆောင်ရွက်တဲ့ အစိုးရရှေ့နေချုပ်ရဲ့ တင်ပြပုံက သည်လို ဖြစ်ပါတယ်။ ဥပဒေပြုခွင့် အာဏာနဲ့ ပတ်သက်လို့ ပြည်ထောင်စုမှာရော ပြည်နယ်မှာပါ ကျင့်သုံးခွင့် ရှိတယ်ဆိုရင် ပြည်ထောင်စုက ပြည်နယ်ကို လွှမ်းမိုးတယ်။ မြေယာကိစ္စကို ပြည်နယ်ဥပဒေပြုစါရင်းမှာ ထည့်သွင်းဖေါ်ပြ ထားစေဦးတော့ အမျိုးသား အကျိုးစီးပွားနဲ့ ဆက်စပ်လာရင် ဥပဒေပြုခွင့်ကို ပြည်ထောင်စုကသာ ကျင့်သုံးခွင့် ရသင့်တယ် ဆိုပြီးတော့ ပြန်လည် ထုချေတင်ပြသွားခဲ့တယ်။

တရားလွှတ်တော်ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြေယာတွေကို အကြွင်းမဲ့ပိုင်ဆိုင်သူဟာ ပြည်နယ်တွေ မဟုတ်ဘူး၊ ပြည်ထောင်စု ဖြစ် တယ် ဆိုတာကို အဓိကအကြောင်းပြပြီး မြေယာနဲ့ ပတ်သက်တဲ့ စီမံခန့်ခွဲခွင့် အာဏာကို ပြည်ထောင်စုကသာ ကျင့်သုံးသွားမယ်ဆိုတဲ့ အပြီးသတ်ဆုံးဖြတ်ချက်ကို နောက်ဆုံးမှာ ချမှတ်ခဲ့တယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၃၀) မှာ မြေယာပိုင်ဆိုင်မှု နဲ့ ပတ်သက်ပြီး အောက်ပါအတိုင်းပြဌာန်း ထားခဲ့တာကြောင့် ဖြစ်ပါတယ်။

နိုင်ငံတော်သည် မြေယာအားလုံး၏ ပိုင်ရှင် ဖြစ်သည်။

တရားလွှတ်တော်ချုပ်ရဲ့ ဒီ စီရင်ဆုံးဖြတ်ချက် ဟာ စံပြု စီရင်ထုံးဖြစ်သွားခဲ့ပါတယ်။ ဒီ နောက်ပိုင်းကစလို့ ပြည်နယ်တွေ ဟာ ပြည်ထောင်စု ဝန်ကြီးချုပ်နဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ ကို မှီခိုရတဲ့ အခြေအနေရောက်သွားခဲ့တယ်။ ကိုယ်ပိုင်ပြဌာန်းခွင့် ဆိုတာကို ပုံစံသဘောလောက်သာ ကျင့်သုံးခွင့်ရှိပြီး လက်တွေ့အနှစ်သာရမှာတော့ ပြည်ထောင်စု ကဘဲ အစစအရာရာ ချယ်လှယ်သွားခဲ့ပါတော့တယ်။ လူနည်းစုတိုင်းရင်းသားတွေရဲ့မကြေနပ်မှုတွေဟာ တဖြေးဖြေး ကြီးထွားလာခဲ့ပြီး အမျိုးသား စည်းလုံးညီညွတ်မှုကို ထိပါးလာခဲ့တယ် လို့ ပါမောက္ခ ဂျိုးဇက်ဆေးလ်ဗား စတိုင်းက သုံးသပ်ပါတယ်။

မဖွံ့ဖြိုးသေးတဲ့တိုင်းပြည်တွေမှာ မြေယာဟာ တိုင်းရင်းသားပေါင်းစုံလူမျိုးမရွေး၊ လူထုတွေရဲ့ အသက်နဲ့ဘဝဖြစ်ပါတယ်။ ဒီ မြေပေါ်မှာ နေထိုင်၊ ဒီမြေနဲ့ဘဲ စိုက်ပျိုးမွေးမြူ အသက်မွေးကြ၊ သည်မြေပေါ်ရှိ သည်တော

သည်တောင်တွေက ထွက်တဲ့ သစ်ဝါးတွေနဲ့ဘဲ နေအိမ်တွေ ဆောက်လုပ်နေထိုင်ကြ၊ သည်မြေက ထွက်ရှိတဲ့ သဘာဝ သယံဇာတ တွေနဲ့ ရပ်တည်ရှင်သန်ကြရပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာကထဲက စတင်ဆုံးရှုံးလာခဲ့တဲ့ တိုင်းရင်းသားတွေ၊ ဒေသခံလူထုတွေရဲ့ မြေယာစီမံခန့်ခွဲခွင့်ဟာ ၁၉၈၈ ခုနှစ် နဝတ၊ နအဖ စစ်တပ်အာဏာသိမ်းပွဲ အပြီးမှာပိုပြီး ဆိုးသည်ထက် ဆိုးလာ ပါတော့တယ်။ မွန်ပြည်နယ်မှာ နအဖ စစ်တပ်တွေစခန်းချဘို့ မြေတွေကို သိမ်းယူခဲ့တယ်။ ကရင်နဲ့ ကရင်နီ ပြည်နယ်တွေထဲမှာရွာပေါင်းမြောက်များစွာ အတင်းအကြပ်ရွှေ့ပြောင်းခံရတယ်။ ကချင် နဲ့ ရှမ်းပြည်နယ်တွေမှာ အဖိုးတန် သဘာဝ သယံဇာတတွေ တူးဖေါ်ထုတ်ယူဘို့ မြေတွေကို နအဖ တပ်တွေကိုယ်တိုင်သိမ်းတာရော၊ နိုင်ငံခြားကုမ္မဏီနဲ့ ပြည်တွင်းက လက်ဝေခံကုမ္ပဏီတွေကို ရောင်းချ၊ ခွဲဝေချထားပေးတာတွေရော ထင်သလို စီမံခန့်ခွဲနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ ကုန်သွယ်လမ်းကြောင်းတိုးချဲ့ဖွင့်လှစ်နိုင်ဘို့ နအဖဟာ ရခိုင်ပြည်နယ် လယ်သမားတွေဆီက အတင်းအကြပ် သိမ်းထားတဲ့ မြေတွေ အပေါ်မှာ စီမံချက် အသစ်တွေ စတင်အကောင်အထည်ဖေါ်နေပြီဆိုတဲ့ သတင်းတွေ ကြားရတယ်။

ပြည်ထောင်စု အဖွဲ့ဝင် တိုင်းရင်းသားပြည်နယ်တွေမှာ မြေယာတွေကို ထင်သလို စီမံခန့်ခွဲ လုပ်ဆောင်နေတဲ့ ကိစ္စတွေကို နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံကို စတင်ကျင့်သုံးပြီ ဆိုရင် ဘယ်လိုများ ကာကွယ်စောင့်ရှောက်နိုင်မှာပါလဲ လို့ရှာဖွေကြည့်ပါတယ်။ သည်အခါမှာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက် အဆများစွာ ပိုဆိုးနေတာကို တွေ့ရပါတော့တယ်။ ပုဒ်မ (၃၇) အရ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံး၏ ပိုင်ရှင်ဖြစ်သည်။ **လို့ပြဌာန်းထားတယ်။ အဲဒီ ပြဌာန်းချက်ကို ထောက်ပြပြီး ဗဟိုအစိုးရဟာ ပြည်နယ်တွေရဲ့ မြေယာနဲ့ပတ်သက်တဲ့ ကိုယ်ပိုင်ပြဌာန်းခွင့် ကို ဘာတခုမှ ဂရုမစိုက်ဘဲ ထင်သလို ဆက်လက် စီမံခန့်ခွဲသွားတော့မှာပါ။**

ဇယား (၁) ပြည်ထောင်စု ဥပဒေပြုစါရင်း အပုဒ် (၅) စိုက်ပျိုးရေး နှင့် မွေးမြူရေး ကဏ္ဍ အောက်မှာမြေယာ စီမံခန့်ခွဲမှု နဲ့ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ ဖေါ်ထုတ်တဲ့ လုပ်ငန်းတွေကို ပြည်ထောင်စု အစိုးရကဘဲ လုပ်သွားမှာ ဖြစ်တယ်။ အပုဒ် (၆) စွမ်းအင်၊ လျှပ်စစ်၊ သတ္တု နှင့် သစ်တော ကဏ္ဍတွေအောက်မှာရေနံ၊ သဘာဝ ဓါတ်ငွေ့နှင့် အခြားလောင်ကျွမ်းစေတတ်သော အရည်အခဲများ၊ ပြည်ထောင်စု လျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး၊ ကျောက်မျက်ရတနာ၊ သစ်တော စတာတွေကိုလည်း ပြည်ထောင်စု အစိုးရအဆင့်မှာ ကြိုးကိုင်ချယ်လှယ်သွားမယ့် စစ်ဗိုလ်တစုကဘဲ လုပ်ခြင်ရာ လုပ်သွားတော့မှာ အသေအချာပါဘဲ။

မြေယာနဲ့ပတ်သက်တဲ့ အဓိက စီမံခန့်ခွဲမှုမှန်သမျှ တိုင်းရင်းသား ပြည်နယ်တွေကို တစုံတရာမျှ ပေးထားတာ မရှိတော့ကြောင်း အထင်အရှား တွေ့ရပါတယ်။

မကြာသေးခင်ရက်ပိုင်းကတင်ဘဲ ရခိုင်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က နအဖရဲ့ ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်မခံ၊ ၂၀၁၀ ရွေးကောက်ပွဲကိုဝင်မှာ မဟုတ်ကြောင်း ကြေငြာသွားတာကို သတိပြုမိပါတယ်။ ဒါပေမယ့် တိုင်းရင်းသား နိုင်ငံရေးပါတီတွေတည်ထောင်ပြီး ၂၀၁၀ ရွေးကောက်ပွဲဝင်ဘို့ပြင်ဆင်နေကြတဲ့ သတင်းတချို့ကိုလည်း ဆက်လက်ကြားနေရဆဲပါ။ လူထုအတွက် မြေယာစီမံခန့်ခွဲပိုင်ခွင့် အခွင့်အရေးတွေ ရအောင် နအဖ ဖွဲ့စည်းပုံအောက်မှာ ဘယ်လို လုပ်ဆောင်သွားမှာပါလဲလို့ အဲဒီပါတီခေါင်းဆောင်ကြီးတွေကို သက်ဆိုင်ရာ လူထုတွေက မေးမြန်း ဘို့အချိန်ရောက်ပြီ ဖြစ်ကြောင်း တင်ပြရင်း အခုတပတ် နိဂုံးချုပ်ပါရစေ။